မုဒုံမြို့တွင် ဝန်ထမ်း ၈၀၀ ကျော်ကို တစ်လကြာစစ်သင်တန်း စတင်ပေးနေပြီ

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
ဩဂုတ်လ ၄ ရက်၊ ၂၀၀၃ ခုနှစ်။

ယနေ့မှစပြီး မွန်ပြည်နယ် မုဒုံမြို့နယ်တွင်ရှိသော ဝန်ထမ်းများအားလုံးကို ပြည်သူ့စစ်အခြေခံသင်တန်းခေါ် ကာကွယ်ရေး အခြေခံအင်အားစုသင်တန်းကို စစ်အစိုးရ နယ်မြေခံတပ်ရင်းမှ စတင် သင်တန်းပေးနေခဲ့ပါသည်။

၎င်းသင်တန်းကို နယ်မြေခံတပ်ရင်းတို့မှ တစ်လကြာ သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းသား ဝန်ထမ်းများအားလုံးကို မုဒုံမြို့ ရွှေဟသ်ာခန်းမတွင် စခန်းသွင်းထားပြီး နေ့စဉ်သင်တန်းကို ခန်းမအနီး မြို့နယ်အားကစားကွင်း ပေးနေပါသည်။

ယခုသင်တန်းသည် မုဒုံမြို့နယ်တွင် ပထမသုတ်သင်တန်းဖြစ်ပြီး မုဒုံမြို့နယ်ဝန်ထမ်းများအားလုံးကို နှစ်သုတ် ခွဲပြီး သင်တန်းပေးရန် စီစဉ်ထားကြောင်း သိရှိရပါသည်။

ယခုအပတ်သင်တန်းသည် မုဒုံမြို့နယ်တွင်ရှိသော ဝန်ထမ်းဦးရေ (၈၀၀) ကျော်ထဲတွင် ဝန်ထမ်း (၄၃၃) ယောက်ကို စတင်ပေးနေပြီး ကျောင်းဆရာ၊ ကျောင်းဆရာမအပါအဝင် တခြားဌာနဆိုင်ရာများမှ ဝန်ထမ်းများလည်း ပါဝင်ကြောင်း သိရပါသည်။

ကာကွယ်ရေးအခြေခံအင်အားစု သင်တန်းကို အခြေခံစစ်သင်တန်းကဲ့သို့ သင်ကြားသွားမည်ဖြစ်ပြီး သင်တန်း အတွက် လိုအပ်သော စစ်ဝတ်စုံကို သင်တန်းသားတို့ မိမိတို့ငွေဖြင့် တစ်စုံလျှင် ကျပ်ငွေ ၂၉၅၀ ဝယ်ယူရပါသည်။

ယခုသင်တန်းကို တခြားမြို့နယ်များတွင် ဒေသခံရဲမှ ပေးနေခဲ့ပြီး သင်တန်းကို အမေရိကန်စစ်ကာကွယ်ရေး နှင့် နိုင်ငံတော်ကို ဝင်ရောက်သိမ်းပိုက်မည့် အဖျက်သမားရန် ကာကွယ်ရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်ထားခြင်းဖြစ် ကြောင်း နအဖစစ်အစိုးတို့က ထုတ်ပြန်ထားပါသည်။

ယခုသင်တန်းကို ဖောင်ကြီးသင်တန်းတက်ထားသည့် ဝန်ထမ်းထဲများက လွဲ၍ ကျန်သည့် မည်သည့်ဝန်ထမ်း မဆို တက်ရပြီး ၎င်းသင်တန်းကို ဝန်ထမ်းများ မတက်ချင်ကြကြောင်း သင်တန်းတက်ရသည့် ဝန်ထမ်းတို့က ဆိုပါသည်။